Defenders Of Our Fatherland

ARAKAN ARMY

ရက္ခိုင့်တပ်မတော်
စစ်ရုံးချုပ်
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက် )

## သဘောထားထုတ်ပြန်ကြေငြာချက်

ရက္ခိုင့်တပ်မတော်သည် ရခိုင်ပြည်နှင့် ရခိုင့်လူ့အဖွဲ့အစည်း၏ လွတ်မြောက်မှုကိုကာကွယ်ရန်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် အပြည့်အဝရရှိရန်နှင့် စစ်မှန်ပြီးငြိမ်းချမ်းသော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းလာရေးတို့အတွက် ဘဝတူမဟာမိတ်ညီနောင်တိုင်းရင်းသားများနှင့် အတူတကွလက်တွဲချီတက်နေပါသည်။ ရက္ခိုင့်တပ်မတော်သည် လက်ရှိအစိုးရနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တစ်စုံတစ်ရာလက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ စိတ်ရင်းစေတနာမှန်ဖြင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေပါသည်။

သို့သော်လည်း ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်နေ့တွင် ညီနောင်တိုင်းရင်းသားမဟာမိတ်တပ်မတော်အသီးသီးမှ တက်ရောက်လျှက်ရှိသော ကချင်လွတ်မြောက်ရေးတပ်မတော်၏ ဗိုလ်သင်တန်းကျောင်းဝင်းသို့ မြန်မာစစ်တပ်က အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ အငိုက်ဖမ်းအကောက်ကြံပြီး လက်နက်ကြီးဖြင့် တမင်တကာရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ဤပစ်ခတ်တိုက်ခိုက်မှုကြောင့် ဗိုလ်လောင်း(၂၃)ဦးကျဆုံးခဲ့ပြီး (၂၀)ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြသည်။ ၎င်းအထဲတွင် ရက္ခိုင့်တပ်မတော်မှ ဗိုလ်လောင်း (၈)ဦး ၎င်းနေရာတွင်ပင်ကျဆုံးခဲ့ပြီး (၅)ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် အခက်အခဲများ၊ ယုံကြည်မှုတို့အားနည်းနေသည့်ကြားမှ အားထုတ်ကြိုးစားနေသောအချိန်ကာလများတွင် ဤကဲ့သို့အကောက်ကြံဖြောင်ကျကျတိုက်ခိုက်မှုအပေါ်တွင် လွန်စွာမှ အော့နလုံးနာ ရင်လေးရပါသည်။ ဤပစ်ခတ်တိုက်ခိုက်မှုကို ရက္ခိုင့်တပ်မတော်က ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလိုက်သည်။

ဘဝတူမဟာမိတ်တိုင်းရင်းသားများနှင့်အတူ ငြိမ်းချမ်းရေးကိုအတူတကွတည်ဆောက်လျှက်ရှိသော ရက္ခိုင့်တပ်မတော်သည် လူသားမျိုးနွယ်အပေါ် ရိုင်းပြစော်ကားမှုများကို မလိုလားပါ။ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းကို လုံးဝမထောက်ခံပါ။ တိုင်းရင်းသားမျိုးနွယ်စုများကို အမြစ်ပြတ်သုတ်သင်ကာ ပြည်ထောင်စုကိုမှုပိုင်စီးလိုသော လက်ရှိအစိုးရအနေဖြင့် ဤစစ်ရာဇဝတ်မှုအပေါ် တရားနည်းလမ်းကျကျတာဝန်ခံရန်လိုအပ်ပေသည်။ ပြည်ထောင်စုသား တစ်ရပ်လုံးအနေဖြင့်လည်း ဤဖြစ်ရပ်နှင့်ပတ်သက်၍ အစိုးရ၏တုန့်ပြန်မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်ကြရန် တိုက်တွန်းလိုက်ပါသည်။

ဤကဲ့သို့ အငိုက်ဖမ်းကာ ယုတ်မာစွာတိုက်ခိုက်သတ်ဖြတ်ခြင်းကိုခံခဲ့ရသော ဗိုလ်လောင်းများနှင့်သက်ဆိုင်သော ဘဝတူတိုင်းရင်းသားမဟာမိတ်အဖွဲ့အစည်းများအနေဖြင့် သမိုင်းတွင်မည်သည့်အခါမျှ မေ့ပျောက်၍ရလိမ့်မည်မဟုတ်ပေ။ အမျိုးသားလွတ်မြောက်ရေးအတွက် တရားသောစစ်တွင် အသက်စွန့်လွှတ်ခဲ့ကြသော သူရဲကောင်းများကို ရက္ခိုင့်တပ်မတော်က ဦးညွှတ်ဂါရဝပြုရင်း ကျန်ရစ်သူမိသားစုဝင်များအားလုံးနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရကြောင်းကို အလေးအနက်ပြောကြားအပ်ပါသည်။

ဘဝတူတိုင်းရင်းသားညီနောင်များ၊ အမှန်တရားကိုမြတ်နိုးတန်ဖိုးထားသော မြန်မာပြည်သူပြည်သားများ၊ ရက္ခိုင့်မိဘပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်နေရာမှ ရက္ခိုင့်တပ်မတော်နှင့် တစ်သွေးတစ်သားတည်းရှိကြောင်း ပြသရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ရက္ခိုင့်တပ်မတော်အနေဖြင့် ရဲဘော်များ၏ပေးဆပ်စွန့်လွှတ်အနစ်နာခံမှုများ အလဟဿမဖြစ်စေရန် ရဲဘော်ရဲဘက်အပေါင်းမှ လုပ်သင့်လုပ်ထိုက်သည်များကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

စစ်ရုံးချုပ်
ရက္ခိုင့်တပ်မတော်